The Kumudra Weekly

The Kumudra Weekly, 07 January 2005

# ငလျင်ဒဏ်ခံရသူများကို ယူနီဆက် ကူညီ

ယူနီဆက်(မြန်မာ)က မြန်မာနိုင်ငံအတွင်းကငလျင်ဒဏ်ခံခဲ့ရတဲ့သူတွေကိုအကူအညီပေးနေတယ်လို့ ယူနီဆက်ရဲ့ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာနထံမှ သိရတယ်။

ယူနီဆက်အနေနဲ့ ကမ်းခြေဒေသတွေကို လိုအပ်တဲ့ ဆေးဝါးတွေ၊ သောက်သုံးရေသန့်ရှင်းမှု အတွက် ကလိုရင်းဆေးတွေကို ကူညီပေးနေတယ်။ ယူနီဆက်ရဲ့ ကွင်းဆင်း အရာရှိတွေကိုလည်း ထိရောက်မြန်ဆန်တဲ့ အကူအညီပေးနိုင်ဖို့ ကမ်းခြေဒေသတွေကို စေလွှတ်ထားတယ်။ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနဲ့ဧရာဝတီတိုင်းဒေသတွေကို ဖြစ်တယ်လို့သိရတယ်။

လိုအပ်တဲ့ ကူညီမှု၊ သတင်းအချက်အလက်ရရှိမှုအတွက် ယူနီဆက်ကကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ ပြည်တွင်းက အဖွဲ့အစည်းတွေနဲ့ ပူးပေါင်း ဆက်သွယ် ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေကြတယ်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးတဲ့ ဒေသတွေမှာ သောက်သုံးရေသန့်ရှင်းမှုအတွက် အခက်အခဲရှိနိုင်လို့ ရေသန့်၊ ဆေးဝါးတွေ အရေးတကြီး လိုအပ်တယ်လို့လည်း ဆိုတယ်။ ကျန်းမာရေး အတွက်လည်း လိုအပ်တဲ့ ဆေးဝါး ကူညီမှု၊ ကုသမှုတွေအတွက် ရန်ကုန်က ကျန်းမာရေးအရာရှိတွေကို စေလွှတ်ဖို့ စီစဉ်နေပါတယ်။

ယူနီဆက်က မြန်မာနိုင်ငံက ငလျင်ဒဏ် ခံခဲ့ရသူ တွေအတွက် အရေးပေါ်ရန်ပုံငွေကို အသုံးပြုမှာ ဖြစ်တယ်လို့ ဆိုတယ်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့၊ ပြည်တွင်း အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အရေးပေါ် ကူညီမှုတွေကို ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ပြန်ကြားရေးဌာန၊ ယူနီဆက်မှ သိရတယ်။

**ဆုမွန်အေး**